# တောဆ ရုပ်စုံ







# မြင်ပေါ်သက ၄

ဓါတ်တော်ကြီး

ပန်းချီ-ဦးဘကြည်




မကြာမီ မဟောသဓ ရောက်လာ၍ စာချွန်တော်ကို သေချာစွာ ဖတ်ပြီးလျှင်
အလကားပါ... ဘုရင်ကြီးက - တွေ့ချင်လို့ခေါ်တာကို - တင်စားရေးလိုက်တဲ့ အဓိပ္ပါယ်ပါ။
ကျွန်တော်ဖြစ်ဖြစ် - ပေပေဖြစ်ဖြစ် - နန်းတော်ကို လာခဲ့ကြလို့-ဆိုလိုတာပါ။
ဟင် - တော်ပါသေးရဲ့။ ငါတို့ကတော့ နားမလည်လို့ - လန့်သွားတာဘဲဟာယ်...။ နှစ်ယောက်လုံး သွားကြပေါ့။ ဘုရင်က ခေါ်တော်မူတာ - နဲ့တာမှ မဟုတ်ဘဲ။
ဝမ်းသာဘို့ကောင်းတယ်။ တို့ရွာကလဲ ဂုဏ်ယူပါတယ်ဟာယ်
ဒါပေမယ့် - ဆရာ - ပညာသားပါလို့ အစီအစဉ် ကောင်းကောင်းလုပ်ပြီးမှ သွားလို့ဖြစ်မယ်။
ထိုည၌ ဖခင်နှင့် တီးတိုးပြောဆို တိုင်ပင်ပြီး အစီအစဉ်များ ပြုလုပ်လေသည်။
နောက်နေ့တွင် သူဌေးကြီးက နောက်လိုက်များ နှင့်တကွ ရွှေနန်းတော်သို့ သွားနှင့်၏။
မှန်လှပါဘုရား၊ အရှေ့ကျန်းရွာမှ - မဟောသဓ၏ဖခင် - သိရိဝဍ္ဎနသူဌေး - မြေတော်ရှင်းသို့ လက်ဆောင်များဖြင့် ဆိုက်ရောက် ကြောင်းပါ ဘုရား
အိမ်း - ကောင်းပေစွ - သင့်တော်သောနေရာမှ ခစားလော
မကြာမီ မဟောသဓ နှင့် အဖွဲ့သားတို့ လိုက်လာကြရာ မြို့အဝင် ကျုံးထိပ်နား၌ မြည်းတကောင်ကို တွေ့လေရာ ...
ဟို မြည်းကို - ဝိုင်းဖမ်းချ - ဖျာဖြင့်လိပ်ပြီး - ယူခဲ့ကြလေ!
စိတ်ချပါ အကိုမဟော်
မြည်းကို ဖမ်းပြီး ဖျာနှင့်လိပ်၍ ရွှေနန်းတော်သို့ ဝင်ကြလေသည်။


နန်းတွင်းသို့ မဟောသဓ တို့ ရောက်လာပြီး
အနေ့ရှေ့ကနန်းရွာနေ - သူဌေးသား မဟောသဓ သည် - အရှင့် အမိန့်တော် အရ ခြေဖဝါးတော်မြတ် သောက်သို့ - ဆိုက် ရောက်ပြီ မှန် ကြောင်းပါဘုရား
အိမ်း - သာရသာရ - သူ့ခမိန့်၊ သင့်တင့် လျောက်ပတ်သော နေရာမှ - ခ - စားလော
ထိုအခါ ကြိုတင် စီစဉ် ခဲ့သည့် အတိုင်း မဟော်က ထိုင် နေ သော ဖခင် အား လှမ်းကြည့် လိုက်ရာ ဖခင်က ကုန်းထ၍
သား မဟော် - ကျွဲနေရာတွင် ထိုင်လော့
ပါတော်ကဲ့
မဟောသဓက ဖခင်နေရာ ဝင်ထိုင်လိုက်လျှင် ပညာရှိ အမတ် လေးဦးက လက်ခုပ်လက်ဝါး တီး၍ လှောင် ရယ် ရယ်ကြ လေသည်။
ဝါး
ဟား ဟား ဟားဟား
ဟား ဟား ဟား
လူပိုက်ကို ပညာရှိ ဆိုနေကြသည်၊ ဖခင်ကို နေရာမှ ထစေပြီး ဝင်ထိုင်တဲ့ လူပိုက်ဘဲ ဟဲဟဲ
ဘုရင်ကြီးလည်း ရွှေမျက်နှာ ညိုသွားသဖြင့် မဟောသဓက မအံ့ဩဘဲ ရဲရဲ တင်းတင်းပင် လျှောက်တင်လေသည်။
အရှင်မင်းကြီး - နေရာတိုင်းမှာပင် သားထက် ဖခင်က မြတ်သည်ဟု ယူဆတော်မူပါသလားဘုရား
အိမ်း - ငါထင် သည်
ထိုအခါ မဟော်လေးက အဖွဲ့သားများအား လှမ်း၍ မြည်းလိပ်ကို ဖြေစေသည်။
အဲ့ ဥဲ့
ဟဲ့ - ဘိုကြီး လဲ
ဟောဗျ
ဟာ
ဟင်.... မြည်းကြီးပါလား
ဘာလုပ်ကြတာလဲ
ထိုအခိုက် မဟော်လေးက ဆက်၍တင်၏။
အရှင်မင်းကြီး - ကျွဲမြည်း သည် - တန်ဘိုး မရှိလှပါ။ သို့သော် ကျွဲမြည်းကို အစွဲပြု၍ - အာဂါ နည်းမြင်းမ မှ ပေါက်ဖွား သော - အဿသထိုရ် မြင်း ကား - အဘိုး အနဂ္ဃ ထိုက်တန်သည် မဟုတ် ပါလော ဘုရား။ မြည်း + မြင်း
အဿတိုရ်
အိမ်း
ထိုအတူ သားက ဖခင်ထက် မြတ်သည်လည်း ရှိသည်မဟုတ် ပါလော ဘုရား
အိမ်း


အရှင်မင်းကြီး၏ ပညာရှိကြီးများသည် ကျွန်ုပ်လောက်ပင် မသိတဲ့လျက် - လက်ခုပ်လက်ဝါး တီး၍ မျှပင် ပြ ဂုဏ်ရယ်ပြကြသည်။ သူခိုးမိန့်ကြီးများ၏ ဉာဏ်ပညာ အရည်အချင်း များကား အံ့ဩဖွယ် ရှိလေစွ...
အရှင်မင်းကြီး ... သားထက် ဖခင်က ရှေ့ရာ တကာတွင် ဖြတ်လျှင် - ဖခင်သူဌေးကြီးကို ကောက်ယူတော်မူပါ ........ သားက အဖထက်ဖြတ်လျှင် - ကျွန်တော်မျိုးကို ကောက် ယူတော်မူပါ။
ဤသို့ လျှောက်ထားသည်ကို ဘုရင်ကြီးသည် များစွာ နှစ်သက်တော် မူ၏။ မှူးမတ်အပေါင်း တို့ကလည်း ချီးကျူးကြလေသည်။
အချက် တယ် ပိုင် ပါ လား
ဟား တယ်တော်တဲ့ ကလေးပါလား
ပညာလဲရှိ သတ္တိလဲရှိ
ပရိယာယ်လဲ ကြွယ်ဝ ပါပေတယ်
အရွယ်နဲ့ မလိုက်ဘူး
မဟောသဓ - သူခမ်းမိန့် ဖြေဆိုခြင်းကို - ငါကိုယ် တော် လွန်စွာ နှစ်ခြိုက်တော်မူသည် ........ သူဌေးကြီးအား အခွန်ကနုတ်၍ အပိုင်စား - မြို့စား မင်းရာထူး ခန့်အပ်တော်မူသည်။ မဟောသဓ လေးကိုလည်း သားတော် အဖြစ်မွေး လိုသည်။ သူဌေးကြီး သဘောတူလော့...
အမိန့်တော်မြတ် အတိုင်းပါ ဘုရား
မြို့စားမင်း သူဌေးကြီးသည် ပြန်ခါနီး၌
ချစ်သား မဟော် သဓ ကြီးစွာထား၍ ခစားရစ်ပေလော့
စိုးရိမ် ကြောင့်ကြ မရှိပါနှင့် ဖခင်
ထိုနေ့မှစ၍ မဟောသဓ၏ အလိုကျ သင့်တင့် လျှောက်ပတ်သော အိမ်တခဆောင် ချီးမြှင့်သဖြင့် အဖွဲ့သားများ နှင့် အပြင်မှ ခစား နေထိုင်လေသည်။

ဆက်ရန်

# ဖိုးရွှေယုန်

ဖိုးရွှေယုန် ဖိုးရွှေယုန်
မွေးစပ ပညာဂုဏ်
အမေ့ပုံတွေ နားထောင်ကြည့်
ရွှေယုန် ပညာရှိ။

အမေပြောတဲ့ ပုံတိုင်းမှာ
ဖိုးရွှေယုန်ကလေး ပါ
ပါတိုင်း ပါတိုင်း ပညာရှိ
လူတိုင်းလေးသိ သားလေးသိ။

ဖိုးရွှေယုန်ကလေး ငယ်သားငယ်
အသိပညာ ကြွယ်
ကြွယ်ပေမှာပေါ့ ကြည့်ပါလား
နားရွက် စွင့်လို့ကား။


နားရွက်ကားနဲ့ ရွှေယုန်ငယ်
ဆရာပြော ရင် နားစိုက်မယ်
မှတ်ဖွယ်တွေ့ ရင် မှတ်လေတော့
ပညာရှိကလေး ဖြစ်တာပေါ့။

သားသားလေးလဲ ချစ်စဖွယ်
ရွှေယုန်ကလေးလို ဖြစ်ချင်တယ်
မေ့မေရယ် ပုံပြောတော့
အမေ့သားလဲ ပါချင်ပေါ့။

ကဗျာ **တင်မိုး**


သရုပ်ဖော်
သော်က







ပုံပြင်တကား
ပုံပြင်
ကြက်ချင်းချုပ်ရင်
အနိုင်ချုပ်– နိုင်ရင်လဲ
တွန်ပြီး မကြွားနဲ့
ကြက်ဖကြီးသည်
သူ့သားငယ်အား
မကြာခဏဆုံးမ
လျက်ရှိသည်။
ပုံပြင်တခုထဲမှာ
အနိုင်ရလို့ကြွားချင်တဲ့
ကြက်တကောင်ဟာ..
"ခြံစည်းရိုးပေါ်တက်ပြီးတွန်ပြလို့
သိမ်းငှက်ရဲ့ထိုးသုတ်တာကို..
ခံရသတဲ့"
အနိုင်သာချုပ်
မကြွားနဲ့
တခြားကြက်ဖတကောင်ကလည်း
သူ့သားအား၎င်းပုံပြင်ဖြင့်ပင်အစဉ်
ဆုံးမလျက်ရှိသည်။
သိပါတယ်
ဖခင်ကြီးရာ
အနိုင်ချုပ်မှာပါ
မကြွားပါဘူး
အနိုင်ချုပ်ရေး
ကြွားဘို့ဝါဘို့
ဝေလာဝေး
ကြက်ငယ်များကား
ဖခင်များ၏စကားကို
နားထောင်ကြသည်။


ထိုကြက်ငယ်တို့အရွယ်ရောက်ကြသော်
တကောင်နှင့်တကောင်တွေ့သည်နှင့်
ရန်ဖြစ်ရန်ကြိုးစားကာ-သဲသဲမဲမဲ
နှင့်ခွပ်ကြတော့သည်။
ဤအချိန်တွင် သိမ်းငှက်နှင့်
လယ်သမားကိုသည်သူတို့နှစ်ကောင်
၏အနိုင်အရှုံးကို စောင့်စား
နေကြလေပြီ·
သို့သော် ရန်လိုသူတို့ကား
ဘေးရန်ကို ဂရုမပြု မိကြဘဲ
သဲသဲမဲမဲပင်ခွပ်နေကြသည်·
အချိန်မည်မျှကြာသည်မသိ
နောက်ဆုံးတွင်နှစ်ကောင်စလုံး
အဖမ်းခံရကာ
ဟဲ-ဟဲ
အဲဒါပေါ့!
ယာလည်းသက်သာ
ကြက်လည်းမောစေ
ဆိုတာ
လယ်သမားကြီး၏လက်တွင်းသို့
ပါသွားလေသတည်း။ ။

# ရိုးဖြောင့်သော တပည့်

ရှေးသရောခါ တက္ကသိုလ်မှာ
ဆရာကြီးတဦး ရှိလေရာ
တပည့်ငါးရာ စာသင်သား
အတတ်ပညာ သူသင်ကြား။

ဆရာကြီးဝယ် ချစ်စဖွယ်
သမီးတဦး ရှိပါတယ်
ပျိုနုနယ်လို့ လွန်လှပ
တပည့်များက ချစ်ခင်ကြ။

တနှစ်ပြီးလို့ တနှစ်ကြာ
သင်တန်းမှာလဲ ပြီးဆုံးရာ
တပည့်ငါးရာ ကြည်ရွှင်ပျ
ပညာစုံလင် တတ်မြောက်ကြ။

တပည့်ငါးရာ ထိုအခါ
ဆရာကြီးကို ရှိခိုးကာ
သမီးကညာ နှင်းအပ်ရေး
သူ့ထက်ငါဦး တောင်းတယ်လေး။

ဆရာကြီးမှာ ထိုအခါ
ရိုးဖြောင့်သူကို မြတ်နိုးရာ
ထိုသူကိုသာ သမီးတွေး
နှင်းအပ်ပေးမယ် ကြံတယ်လေး။

သို့ကြောင့်ဆရာ ကြံစည်ကာ
ရိုးဖြောင့်သူကို ရွေးလိုရာ





ဥာဏ်ထုတ်ပါလို့ သူတွေးတော
တပည့်များကို ဟန်ဆောင်ပြော။

“မိဘအိမ်မှ များဥစ္စာ
ခိုးဖွက်ယူလို့ ဆောင်ခဲ့ပါ
မြောက်မြားစွာ ယူနိုင်က
သမီးလှကို ပေးမည်ပါ့။”

တပည့်များစွာ သူ့ထက်ငါ
မိဘအိမ်မှ များဥစ္စာ
ခိုးကာဖွက်ကာ ယူဆောင်ကြ
ဆရာကြီးကို ပေးအပ်ကြ။

တပည့်တယောက်မူ ရိုးဖြောင့်သူ
ဥစ္စာများကို မခိုးယူ
စိတ်ဖြူစင်လို့ သူရိုးသား
ထူးလှပါတဲ့ ထိုယောကျ်ား။

ထိုရောအခါ မြတ်ဆရာ
ထိုတပည့်ကို ချီးကျူးကာ
ဝမ်းမြောက်ဝမ်းသာ သူ့ကိုရွေး
သမီးကညာ နှင်းအပ်ပေး။

တပည့်များမှာ ထိုအခါ
အမြင်မှန်လျှင် ရကြကာ
မိဘဥစ္စာ ပြန်ကာပေး
ရိုးဖြောင့်မယ်လို့ ကတိပေး
ဆရာကြီးမှာ ကြည်ရွှင်အေး။

မင်းယုဝေ

## ပျားရည်စက်ရုံ

ချိုချိုမြမြ ပန်းဝတ်မှုန် ၊
ရသာ ပျားရည်စုံ။
ဘယ်စက်ရုံက သည်ကုန်ထုတ်
ဘယ်လုပ်သားများလုပ်။
ဒုတ်ဒုတ်ဒက်ဒက် စက်ခုတ်သံ
ပျားအုံထဲကည်း။
ဆူဆူညံညံ ဘာသံလဲ
သူတို့စက်ရုံထဲ။
ပျားမောင်နှံတွဲနဲ့ ညီညာပုံ
လုပ်သား ပျားရိပ်မြုံ။
ပန်းဝတ်မှုန်ကို ပျားရည်ထုတ်
သည်စက်ရုံကလုပ်။

မောင်လှိုင်သွင် (အင်းစိန်)



## ကန်တော်ဆောင်တိုင်

ခဲပွင့်ချိန် ကြာသင်းချိန် အလှူပွဲကထိန်။
မြို့တိမ်ပကင်း ဖိုးလပင်း ကြယ်ပေါင်း ရံလို့လင်း။
နှင်းပုလဲစီ ဆောင်းဟန်ချီ မိုးနှောင်းသည်ရာသီ။
မီးကွန်းပွဲဆီ သွားကြစို့ ပျော်ပွဲရွှင်ပွဲ စုံသမျှ။

ကျွန်းသိုလ်–ဆန်းတင့်နိုင်



## တေ ဇ က မျာ



## ပန်းတိုင်သို့

တို့သွားနေသော ခရီးတွင်
တောင်ကြီး ကာဆီးလျှင်။
ကျော်မည်ပင် ဘာမကြောက်
တောင်ကြီး ဘဝါးအောက်။
တို့သွားနေသော ခရီးတွင်
မြစ်ကြီး ကာဆီးလျှင်။
ကူးမည်ပင် ဘာမကြောက်
လှိုင်းကြီး လှေငယ့်အောက်။
တောင်ကာဆီးစေ လှိုင်းကြီးစေ
တို့များ မဖြုန်ပေ။
တို့တတွေ မသွေတမ်း
ပန်းတိုင် အရောက်လှမ်း။

ကျိုက်လတ်–မောင်ညိုသွေး

## အလုပ်ကိုယ်စီ

ဗာကလေးတွေ ကောက်ရိုးသယ် ဘာပအသုံးချမယ်။
:လေကာကွယ် လုံခြုံဖို့ သိုက်မြုံဆောက်မယ်မှို။
ႏးကလေးတွေဝတ်ရည်သယ် ဘယ်မှာထားပါ့မယ်။
ဆးဘက် တကယ်ဝင်သည်မို့ ပျားရည် ချက်မယ်မှို။
မာင်မယ်လေးတို့လွယ်အိတ်လွယ်ဘယ်ကိုသွားကြမယ်။
ယ်ရှယ်စဉ်ကကြိုးစားလို့ ပညာသင်ရန်သွားမယ်မှို။
ကျောင်းတော်သို့–ကျောင်းတော်သို့။

မောင်တင်နိုး (သစ်ရာကောက်)




ကိုတွင်
ပါရဂူ
ရော့ ဦးကပ်စေး အိပ်မပျော်တာကို ဟော ဒီ နှစ်ခြိုက် အိပ်အိပ် တေးဆိုသိပ် ကိရိယာလေးက ဖြေရှင်းပေးပါ လိမ့်မယ် ခင်ဗျား
ဒီကိရိယာအတွက် ငွေကိုတော့ နက်ဖြန် မနက်မှ ငါ့ အိမ်မှာ လာယူ
တေးဆိုသိပ် ' ကိရိယာအစွမ်းကြောင့် ထိုညတွင်
နံနက်
ဈေးကောင်းကောင်း တောင်းရမယ်
အအိပ်ကောင်းမိလို့ ငါ့ သေတ္တာ ပေါင်းလောင်း ဖြစ်ရသဟ့
အခြေအနေ အရ ပြန်လစ်မှ

# တေဇရုပ်စုံ သတင်းလွှာ

### ရက်မြဲ ကဗျာပြိုင်

၉-၉-၇၅။ ။ကျောက်ဖြူမြို့၊ အောင်ရုပ်ရှင်ရုံတွင် ဦးဉတ္တမနေ့ အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်ရာ ကျောက်ဖြူမြို့ မူလတန်းကြိုကျောင်းမှ ကလေးငယ်များက ကဗျာရွတ်ပြိုင်ပွဲဖြင့် ပါဝင်ဂုဏ်ပြုခဲ့သည်။

### ရင်းနှီးတွေ့ဆုံ

၁၇-၉-၇၅။ ။လူမှုဝန်ထမ်းဝန်ကြီး ဦးစိုးဌာန ဝန်ကြီး ဦးမန်ကူးနှင့်အဖွဲ့သည် မအူပင်မြို့ပေါ်ရှိ ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်းမှ ကလေးများနှင့် တရင်းတနှီး တွေ့ဆုံခဲ့သည်။

### စာအုပ်ချုပ်နည်းသင်

၁၇-၉-၇၅။ ။ရန်ကုန်မြို့၊ ဗဟန်း အမက (၁၂) တွင် အိမ်တွင်းမှုသင်တန်းအဖြစ် စာအုပ်ချုပ်လုပ်နည်းကို ကျောင်းသား-ကျောင်းသူများအား လက်တွေ့သင်ကြားပြသပေးခဲ့သည်။

### ခြင်ကျားနှိမ်

၂၀-၉-၇၅။ ။မန္တလေးမြို့၊ အရှေ့တောင်မြို့နယ်၊ မဟာအောင်မြေရပ်၊ အမက (၃၂) တေဇလူငယ်ကလေးများက ကျောင်းပတ်ဝန်းကျင် ရေမြောင်းများအတွင်း ခြင်ကျားများမခိုအောင်းနိုင်ရန် စုပေါင်းသန့်ရှင်း လုပ်အားပေးခဲ့ကြသည်။

### ကျောင်းပေါင်းစုံပြိုင်ပွဲ

၂၁-၉-၇၅။ ။ရန်ကုန်မြို့၊ တောင်ဥက္ကလာပ အထက၊ အလက၊ အမက ကျောင်းပေါင်းစုံ ကဗျာသီဆိုပြိုင်ပွဲကို တောင်ဥက္ကလာပ အထက (၁) ခန်းမတွင် ကျင်းပရာ ဆရာ-ဆရာမများ၊ ကျောင်းသား-ကျောင်းသူများ၊ စာပေဂီတ အနုပညာရှင်များ၊ လုပ်သားပြည်သူများ စုံညီစွာတက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် ၁၉၇၄-၇၅ ခု စာမေးပွဲအတွင်း စေတုတ္တတန်းမြို့နယ် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား-ကျောင်းသူများနှင့် တန်းလုံးကျွတ် အောင်မြင်ရန် သင်ကြားပေးခဲ့ကြသည့် ဆရာ-ဆရာမများအား ဆုများ ချီးမြှင့်ခဲ့သည်။

### ဆိပ်ကမ်းလေ့လာ

၂၃-၉-၇၅။ ။ရန်ကုန်မြို့၊ တောင်ဥက္ကလာပ အမက (၃၆) မှ ကျောင်းသား-ကျောင်းသူ ၂၀၀-ကျော်တို့သည် ဆရာ-ဆရာမများ ဦးဆောင်၍ ရန်ကုန်ဆိပ်ကမ်းသို့ သွားရောက် လေ့လာခဲ့သည်။

### ဇာတ်ဟန်ခင်းကျင်း

၂၅-၉-၇၅။ ။သင်္ဃန်းကျွန်းမြို့ ဆရာ အတတ်သင်ကျောင်းမှ သင်တန်းသား ဆရာဆရာမလောင်းများနှင့် လေ့ကျင့်ရေးကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများသည် ဇာတ်ဟန် ခင်းကျင်းသင်ကြားနည်းကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

### ရောဂါကုသ

၂၅-၉-၇၅။ ။စစ်ကိုင်းခရိုင် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေး တာဝန်ခံနှင့် အမှုထမ်းများ ပါဝင်သော အဖွဲ့ငါးဖွဲ့သည် ကျေးရွာရပ်ကွက်များရှိ အမက ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မျက်ခမ်းစပ်ရောဂါ ရှိမရှိ စစ်ဆေးခဲ့ပြီး လေးရာခိုင်နှုန်းမျှသော ရောဂါရှိသူများအား မျက်စဉ်းဆေးရည်များ ခတ်၍ ကုသပေးခဲ့သည်။

### စပါးပြီး စပါးစိုက်


၃၀-၉-၇၅။ ။အင်းစိန်မြို့ ဗိုးကုန်း ကျေးရွာ အလယ်တန်းကျောင်းပိုင် လယ်မြေများတွင် စပါးပြီး စပါးစိုက်ပျိုးရေး အစီအစဉ်အရ ကျောင်းသားကျောင်းသူများက ပျိုးသယ်လုပ်အားပေးခဲ့ကြသည်။


### တေဇပွဲ


၆-၁၀-၇၅။ ။မန္တလေးမြို့ ခင်မကန် အမကတွင် တေဇလူငယ်ဖွဲ့စည်းရေးနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားတရပ် ကျင်းပပြုလုပ်ခဲ့သည်။

### ပန်းချီဆု

၇-၁၀-၇၅။ ။ဂျပန်နိုင်ငံတိုကျိုမြို့၌ ၁၉၇၄-ခုနှစ်ဧပြီလတွင် ကျင်းပခဲ့သော ယူနက်စကို အဖွဲ့ကြီး၏ခြောက်ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အငယ်တန်း ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကလေး ၃၂-ဦးမှာ ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ရင်ထိုးတံဆိပ်များရရှိပြီး တကြိမ်မျှ မရခဲ့ဘူးသေးသော ဂျပန်နိုင်ငံ ဘုရင့်တံဆိပ် ဒိုင်းတခုကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် ဆွတ်ခူးရရှိခဲ့သည်။


မောင်သုံးညီ
မောင်သုည • မောင်တစ်နှင့် မောင်ငါး • တို့သည် • • ဂဏန်း သင်္ချာစာအုပ်တွင်း အတူနေ သူငယ်ချင်းများ ဖြစ်သည်။
ဇာတ်လမ်းသရုပ်ဖော် ဝင်းဝေ
တစ်အခါတွင် • မောင်သုညသည် အနိမ့်ခံရသူဖြစ်လေသည်။
ဘာမှ တန်ဖိုးမရှိတဲ့ကောင်
ကျုပ်ဆိုတာတယောက်ထဲနေရင် တစ်ခုဆိုတဲ့တန်ဖိုးရှိတယ် • • •
ဟုတ်ပ ဟုတ်ပ
ဟား - ဟား - ဟား ငါလဲ တယောက်ထဲဆိုရင် - ငါးခုဆိုတဲ့ တန်ဖိုးကြီးများတောင် • • • ရှိပါတယ်ကွာ • •
အင်း! ငါ့ဘဝဟာ - သူတို့ပြောသလို ဘာမှ တန်ဖိုးမရှိပါလား
ခုလိုတန်ဖိုးရှိသူချင်း ပေါင်းလိုက်တော့ - ပိုပြီး တန်ဖိုးရှိလာပြန်ရော


နောက်ဆုံးတွင်• မောင်သုညမှာ အတူနေသူများ၏• စွန့်ပယ်ခြင်းခံရလေသည်။
အကို• မောင်သုညလေးပါလား• ဘာအခက်အခဲတွေများ ရှိနေလို့•• ငိုင်ပေါက်မှိုင်နေရတာလဲ••
တန်ဘိုးမရှိတဲ့ ကျနော့်ဘဝကို တွေးပြီး• ဝမ်းနည်းနေတာပါ••
မိတ်ဆွေများရဲ့အထင်သေးစွန့်ပယ်ခြင်းကိုခံနေရတဲ့ကျနော့်ဘဝကို ကူညီပေးပါလား••ဦးဦးဂုယ်
ဟား• ဒီသုညအမျိုးပါ• တလုံးတည်းနေနေ အစုလိုက် အပြုံလိုက်နေနေ• တန်ဘိုးမရှိတာတော့ အမှန်ဘဲ•• ဒါပေမယ့်တခြား ဂဏန်းတွေနဲ့ပေါင်းလိုက်ရင်••••••
ဘယ်လောက် တန်ဘိုးရှိလာတယ်ဆိုတာ ငါမင်းကိုလက်တွေ့ပြမယ်••
ကဲ• လာ! မင်းမိတ်ဆွေတွေဆီကို သွားကြစို့•••


ခေါင်းတစ်ခွန့်မောင်ပါးတစ်ကောက်ခေသာ
ဟေး.. ဒီအတိုင်းဆို သူတို့ဂိုဏ်းတန်ဘိုးဟာ.. တဆယ်ပါးဘဲရှိတယ်.
ကိုင်း ချလိုက်ပါနဲ့ပေါင်း လိုက်တော့ ဆယ်ဆတိုးပြီး တကျပ်ပါးဆယ်ဖြစ်လိုက်တယ်
ဒါလေကွာ မင်းပါ-ပါနဲ့ လိုက်ခဲ့မှပေါ့
ဟဲ.. ဒီ့အထဲကိုမင်းပါ ပေါင်းလိုက်တော့ အဆတကျ တိုးပြီး တထောင့်ပါးကျပ်ဖြစ် သွားမှန်ကောမျှတ်လား..
မျှာ.. ဒီလိုဆို သူ့ဟာကျနော်တို့ ထင်သလိုမျှတ်ဖူး ပေါ့နော်
ဒါပေါ့ကွယ်.. သူ့ဟာ မင်းတို့ဂိုဏ်းတန်ဘိုးကိုမရေတွက် နိုင်လောက်အောင်..မြင့်လိုက်တဲ့ အထိစွမ်းဆောင်နိုင်တဲ့အ ဂုဏ်အင်္ဂါအခြင်းရှိတယ်ဆိုတာ မင်းတို့ယကိုတွေ့ဘဲလေ.
ဒီ့မျှား.. မသိနားမလည်လို့ မင်းအပေါ်မပြောမိဆိုမိတာတွေ ကို.. ခွင့်လွှတ်ပါမောင်သူ့ဟယ်- နော်-နော်
ကိုဝမကိုပါဘူး သူငယ်ချင်းတို့ရာ.. မင်းတို့ကြောင့်သာ.. ငါ့ဂိုဏ်းတန်ဘိုးကိုသိလိုက်ရလို့.. မင်းတို့ကိုတောင်.. ငါကကျေးဇူးတင်ရဦးမှာပါ.

အိမ်ကလေးဆီ ရောက်သွားတဲ့ လမ်း ၄ သွယ် ထဲက ဘယ်လမ်း အတိုဆုံးလဲ။






ထူးခြားနေတဲ့ ခေါင်းတခေါင်း ရှိတယ်၊ ရှာတွေ့အောင် ရှာနိုင်ပါ့မလား....

ဘယ်အကောင်ကြီးလဲ သိချင်ရင် ၁ နဲ့ ပတ်စဉ် အလိုက် အစက်ကလေးတွေကို ဆက်ဆွဲကြည့်ရင် သိပါလိမ့်မယ်....







ဇာတ်လမ်း - ကျော်ခြုံလှမွန်
ကာတွန်း - ဇေပေါ်လွင်ကျော်ဇေ
အချောင်လိုချင်မိလို့
ခဲဖျက်လေ။ တခုပါလား ဘယ်သူ့ဟာလဲ မသိဘူး
အဟီး - ငါ့ဟာကွ ပြန်ပေးစမ်း
စောစောတယောက်ဘာဖြစ်ဖြစ် အချောင်လိုချင်စိတ်ရှိ၏ ။
ဟာ - ပိုက်ဆံ ဆယ်ပြားပါလား ဘယ်သူ့ကျသွား ပါလိမ့် -
ဟ - အဲဒါ ငါ့ပိုက်ဆံ ငါကျသွားတာ ပြန်ပေးစမ်း
တယောက်ယောက်ကကောက်ရ လေတိုင်း စောစောသည်သူ့ပစ္စည်း ချည်းပြောပြီး တောင်းလေသည်။
အဟီး - ငါ့ဟာလဲ မဟုတ်ဘဲနဲ့ အချောင် ရလိုက်တာ - ပွတာဘဲ


တနေ့ဆရာက
ဒီဟာ ဒါဘယ်သူ့ ဘာဝတ္ထုလဲ ဟဲ့
အချောင်လိုချင်စိတ်ရှိသောဇော်ဇော်က
အင်း..ဘယ်သူ့ ဟာတွေလဲဆိုတော့ ကျေနော့်အဘိုးကြီးနဲ့ တူတယ်-ပြောတာဘဲ
ကျွန်တော်ဟာပါ ဆရာကြီး -
ကြည့်စမ်း-ကွာစိလှော်တွေ စားပြီးအခွံတွေကိုဒီလိုဘဲ ပစ်ထားရသလား-တခုမ ကျန်ကောက်ပစ်စမ်း -
ဟိုက်! ငါတော့အချောင် လိုချင်တဲ့စိတ်ရှိလို့ ခုတော့တခုမကျန် ကောက်ပစ်ရပြီပေါ့လေ
ထိုနေ့မှစ၍ဇော်ဇော်သည် နောင်တ ကြီးစွာရလေတော့သတည်း ။

# အပုန်းအရှောင် ကာကွယ်ရေး





သဘာဝသည် တောနေတိရစ္ဆာန်များအား အသက်အန္တရာယ်မှ ကာကွယ်နိုင်ရန်ငှင်း၊ အစာရှာဖွေစားသောက်နိုင်ရန်ငှင်း၊ ယင်းတို့၏ အရောင်နှင့် တော၏ သဘာဝအရောင်များကို ဆင်တူယိုးမှားဖြစ်လောက်အောင် ဖန်တီးပေးထားလေသည်၊ ၎င်းကို ကာကွယ်ရောင်ဟုခေါ်လေသည်။

⬆ ဝင်ရိုးစွန်းဝက်ဝံ (ပိုလာဝက်ဝံ) ၏ ဖြူဖွေး၍ထူထဲသော အမွေးသည် နှင်းခဲအရောင်နှင့် ဆင်တူယိုးမှားဖြစ်စေကာ အခြားသောသားကောင်တို့က သူ့အား ရုတ်တရက် မမြင်နိုင်ပေ။




သစ်ကုလားအုပ်၏ ထင်ရှားသောအကွက်အပြောက်များသည် သစ်ပင်အောက်တွင် ခိုဝင်နေသော သူ့အား နေပြောက်လပြောက်၊ အရိပ်များနှင့် ရောနှောနေစေလေသည်။

⬅ ကျား၏ အရောင်အစင်းများသည် တောထဲတွင် တော၏ သဘာဝအရောင်နှင့် ဆင်တူနေသဖြင့် အချို့သောသားကောင်များသည် ကျားကို လုံးလုံးမမြင်ရသောကြောင့် ကျား၏ ဖမ်းဆီးစားသောက်ခြင်းကို ခံရလေသည်။

## [illegible]

၊ ရှာဖွေရေးသားသည်



မြစ်ကျွန်းဂျိုမိကျောင်း တို့၏ အရောင်သည် ရေတွင် မျောနေသော သစ်တုံးကဲ့သို့ထင် ယောင်ထင်မှားဖြစ်စေသော ကြောင့် သားကောင်များမကြာ ခဏ မိကျောင်းစာ ဖြစ်ကြရသည်



← မြင်းကျားများ၏ ထင်ရှားသော အစင်းများသည် အပင် များကြား၌ ဝင်ကျိန်နေသော အခါ ၎င်း မှာ ရုတ်တရက် မမြင် မတွေ့ရလေအောင် သဘာဝက ဖန်တီးပေးထားလေသည်။

နှင်းကျသော အပိုင်းဒေသ များ၌ နေထိုင်ကြသည့် တိရစ္ဆာန် တို့၏ အရောင်သည် ဆောင်းဥတု ၌ အဖြူရောင်သို့ ပြောင်းလဲသွားတတ်လေသည်၊ အောက်တွင် နှင်းဖုံးဆောင်းဥတု၌ ရှိသော ၎င်း တို့၏ အရောင် နှင့် နွေရာသီ၌ ၎င်းတို့၏ နဂိုအရောင် ကို ပြထားပါသည်။






ကျောက်ဂူတွင်းမှ ရတနာ
ဇာတ်လမ်း -
မသန္တာကျင်
(ကျောက်မြောင်း)
သပြေကုန်းရွာ
သရုပ်ဖော်
တခါက သပြေကုန်း ဆိုသောရွာတရွာရှိသည်။ သပြေကုန်းဟုမှည့်ခေါ် ထားခြင်းမှာ ရွာအဝင်ဝ ရှိကုန်းမြင့်တခုပေါ်၌ အလွန်ကြီးမားသော သပြေပင်ကြီးတပင် ပေါက်ရောက်နေသော ကြောင့်ဖြစ်သည်။
ရွာသူရွာသားများမှာ လယ်သမားများဖြစ် ကြသည့်အလျောက် အလုပ်ကိုကြိုးစားလုပ် ကိုင်ကြသူများဖြစ်လေသည်။
မိမိတို့ အိမ်မှုကိစ္စများကိုသာမက ရပ်ရေးရွာရေး များကိုလည်း စုပေါင်းလုပ်ကိုင်ပေးလေ့ရှိကြ၍ မေတ္တာထား သဖြင့် တဦး ဒုက္ခရောက်ကြုံသူများကို ဝိုင်းဝန်း ကူညီတတ်ကြသည်။






ဟဲ - ဂူကြီးပါလား - ဆင်းကြည့်ကြရအောင် -
အတော်ကြီးတဲ့ဂူကြီး ပါလား - အား - အား ဟဲ -
ရတနာတွေဟေ့ - ရတနာတွေ - ပုံတကြီး -
ဟေ့ - ငနုံကြတုံး - ဘယ်မှန်းမသိ - ညာမှန်းမသိ သက်ဆိုင်ရာကို အကြောင်းကြားရင်ကောင်းမယ်၊
ဒီ - ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာကို ဘာလို့ အကြောင်းကြားရမှာ လဲ၊
သူ့ပစ္စည်း ကျနေတာကို သဝေတိ လုပ်တော့၊
ရှောင်နေတာကို ကောင်းပါတယ်၊



သူကြီးသားမှဲ့ခေါင်အပါအဝင်ရွာသူရွာသားများသည်ကျောက်ဂူတွင်းမှရတနာများကိုရွာသို့ယူဆောင်လာခဲ့ကြသည်၊
နောက်တစ်နေ့နံနက်တွင်


မိုးဦးမိုးပြီးသောအခါ




ဟေ့ ကောင်တွေ - ပစ်ထည့်လိုက်မယ် မသေချင်ရင် ဓားကိုချလိုက် - မင်းတို့ကို ဝိုင်းထားမိပြီကွ၊


ဟဲ - မေအောင် ပါလား -
ဟဲ - ဦးသာမြ ပါလား -





ဒိုင်း ဒိုင်း
အမယ်လေးဗျ




ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း မြဝတီပုံနှိပ်တိုက် (၁၈၄၊၃၂-လမ်း ရန်ကုန်) တွင် အယ်ဒီတာချုပ် ဦးဝင်းမောင်(ထုတ်ဝေသူမှတ်ပုံတင်အမှတ် ၀၁၁၆၄) က တာဝန်ခံထုတ်ဝေ၍၊ အထွေထွေစီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း(ပုံနှိပ်သူမှတ်ပုံတင်အမှတ် ၀၁၁၀၂) က ပုံနှိပ်သည်။ စောင်ရေ ၆၀၀၀၀။ [redacted]

တယ်လီဖုန်း အယ်ဒီတာချုပ် ၁၇၅၀၀၊ အမှုဆောင်အယ်ဒီတာ ၁၄၆၅၅၊ အထွေထွေစီမံခန့်ခွဲရေးမှူး ၁၇၂၄၇။


# တေဇတို့အတွက် ကွန်ပျူတာ

ခက်ခက် -






| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |






အောက်မှာပါတဲ့ဇယားလေးကတော့ တေဇတို့တွေ သင်္ချာနဲ့ပတ်သက်ပြီး အပေါင်းအနှုတ် လုပ်ချင်ရင် စက္ကန့်ပိုင်းအတွင်း ပေါင်းလို့နှုတ်လို့ ရနိုင်တဲ့ဇယားလေးပေါ့ကွယ်။ ဥပမာပေးပြီး ဖြေပြထားတဲ့အတိုင်း လုပ်ဆောင်ကြည့်ပါ။



**ပေါင်း** ချင်ရင် ဝဲဘက် အစွန်ဆုံး ဂဏန်းတွေထဲက ကြိုက်ရာဂဏန်းတစ်လုံးကို ယူလိုက်ပါ၊ နောက် ထိပ်ဆုံးမှာရှိတဲ့ ဂဏန်းတွေထဲက ပေါင်းချင်တဲ့ ဂဏန်းတစ်လုံးကို ထပ်ယူပါ၊ အဖြေကို မှတ်ထားတဲ့ ဂဏန်း(၂)လုံးရဲ့ အလျားလိုက်နဲ့ ဒေါင်လိုက်မျဉ်းတို့ ဆုံရာ အကွက်မှာ ရှာယူပါ။

ဥပမာ - ၅ + ၇ = ၁၂



**နှုတ်** ချင်ရင်တော့ က ပေါင်းတာနဲ့ ပြောင်းပြန် လုပ်ရမယ်၊ ပထမ ပေါင်းလဒ် ကွက်ထဲက ဂဏန်းကိုအရင် ယူပါ၊ နောက် နှုတ်ကိန်းရဲ့ ဝဲဘက်အစွန်ဆုံး ဂဏန်းကို မှတ်ပါ၊ အဖြေ နှုတ်လဒ် ဘယ်လောက်ရမယ်ဆိုတာကို ထိပ်ဆုံးမှာရှိတဲ့ ဂဏန်းတွေက ဖော်ပြပေးပါလိမ့်မယ်။

ဥပမာ - ၁၁ - ၇ = ၄

# ယွန်းရွှေရုပ် *

ရှိုယဉ်

မြင်းကပါ ရွာလေး အညာကျေး
ယွန်းထည်ရှေ့ရေး စုံတယ်လေး။

လက်ဆောင်ပေးဘို့ ဝယ်ကြမယ်
ဟင်္သာရုပ်ကလေး ဖိုမယော်။

အလယ်ခေါင်မှာ ရွှေဖီ ကွက်
ရွှေရောင်ဝင်းလို့ တလက်လက်။

နံရံထက်က ယွန်းပန်းချီ
ရွှေကနုတ်ပန်း ကွပ်လို့စီ။

မင်းညီမင်းသား၊ဝန်ခစား
ဘုရင့်မိဖုယား၊ရေးခြယ်ထား။

ပုဂံပြည်သား ပြည်သူ့ရဲ့
ဆင်ယင်ထုံးဖွဲ့ ဝတ်စားပုံ။

နေကုန်ရှုစား အံ့တပါး
ယွန်းပန်းချီကား ဝယ်ချိုလား။













အတွဲ ၁၀ အမှတ် ၁၁
၁၉၅၃ နိုဝင်ဘာလ

R.49

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/